## ခရစ်တော်ကို တွေ့ကြုံခံစားခြင်း၊ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ထင်ရှားစေခြင်း
## (၄)

### အဓိကသော့ချက်များ

ခရစ်တော်သည် ယေဟောဝါအဖြစ်လည်းကောင်း၊ လူသားအဖြစ်လည်းကောင်း
ဘုရားသခင်၏လူများကို မစထောက်ပံ့ ပေးသော၊ ဂရုစိုက်ပြီး ဖုံးအုပ်ပေးသော
ရှင်ဘုရင် ဖြစ်တော်မူသည်။ ကိုယ်တော်သည် အုပ်စိုးခြင်းအတွက် ရှင်ဘုရင် ဖြစ်တော်မူပြီး
လေဒဏ်မှ ခိုလှုံရာနှင့် မိုးသက်မုန်တိုင်းမှ အကွယ်အကာ၊ သွေ့ခြောက်သောအရပ်၌
စီးသော စမ်းချောင်းများ ကဲ့သို့လည်းကောင်း၊ လူသူမနေသောပြည်၌ ကြီးမားသောကျောက်၏
အရိပ်ကဲ့သို့လည်းကောင်း ဖြစ်သော လူသားတစ်ဦး ဖြစ်တော်မူသည်။

အသက်ပင်အဖြစ် ခရစ်တော်ကို ကျွန်ုပ်တို့ စားသုံးရန်အလို့ငှာ၊
ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌ ကိုယ်တော့်ကို ပထမနေရာ ပေးရမည်။
ယင်းမှာ ကိုယ်တော့်ကို ရှေ့ဦးမေတ္တာဖြင့် ချစ်ရန်၊ ကျွန်ုပ်တို့၏အသက်တာတွင်
ကိုယ်တော့်ကို အရာခပ်သိမ်းအဖြစ် သဘောထားရန်နှင့် မှတ်ယူရန်
ကိုယ်တော်၏ချစ်ခြင်းမေတ္တာတော်အားဖြင့်  အနိုင်အထက်သွေးဆောင်ခံရန် ဖြစ်သည်။

သူတို့သည် အပြစ်တင်စွပ်စွဲသူအား သိုးသငယ်၏အသွေးအားဖြင့်လည်းကောင်း၊
မိမိတို့ သက်သေခံချက် နှုတ်ကပတ်တော်အား ဖြင့်လည်းကောင်း အောင်မြင်၍၊
အသေခံသည့်တိုင်အောင် သူတို့ စိတ်အသက်ကို မချစ်ကြ။

နိုင်ငံတော်၌ သခင်ဘုရားသည် ကိုယ်တော်၏လူများထံသို့ နေမင်းအဖြစ်
ထင်ရှားစွာ ပေါ်ထွန်းတော်မူမည်ဖြစ်သော်လည်း၊ ဘေးဒဏ်ကြီးကာလ မတိုင်မီတွင်
ကိုယ်တော်သည် သူ၏ အောင်မြင်သူများထံသို့ သူတို့ကို ချီဆောင်ရန်
မိုးသောက်ကြယ်အဖြစ် လျှို့ဝှက်စွာ ပေါ်ထွန်းတော်မူလိမ့်မည်။

© 2025 Living Stream Ministry

Message One
## ယေရှု၏သက်သေခံချက်အတွက် ဘုရားသခင်၏ သစ္စာရှိသော သက်သေခံ

ဖတ်ရန်ကျမ်း။ ။ ဗျာ၊၁း၁-၂၊ ၅၊ ၉-၁၂။ ၇း၉-၁၇။ ၁၉း၁၀

**I. ခရစ်တော်သည် ဘုရားသခင်၏ သစ္စာရှိသော သက်သေခံ၊ ဘုရားသခင်၏ သက်သေခံချက်နှင့် ထင်ရှားခြင်း ဖြစ်တော်မူသည်။ ကိုယ်တော်က ဘုရားသခင်ကို ထင်ရှားခြင်းမှာ ကိုယ်တော်၏ သက်သေခံခြင်းဖြစ်သည် - ဗျာ၊၁း၅။ ၃း၁၄။**

A. ခရစ်တော်သည် ဘုရားသခင်၏ သက်သေခံ၊ ဘုရားသခင်၏ သက်သေခံချက်နှင့် ထင်ရှားခြင်း ဖြစ်သည်။ အသင်းတော်သည် ခရစ်တော်၏ သက်သေခံချက်နှင့် ထင်ရှားခြင်း ဖြစ်သည်။ ထိုသို့အနေဖြင့် အသင်းတော်သည် ခရစ်တော်၌ ဘုရားသခင်၏ သက်သေခံချက်နှင့် ထင်ရှားခြင်းကို ပုံတူပွားထုတ်လုပ်ခြင်း ဖြစ်သည် - ၁း၅။

B. ဗျာဒိတ်ကျမ်းက ဖွင့်ပြခံရသော ခရစ်တော်နှင့် ယေရှု၏သက်သေခံချက်တည်းဟူသော သက်သေခံနေသော အသင်းတော်ကို ကျွန်ုပ်တို့ထံ တင်ဆက်ထားသည်။ ခရစ်တော်သည် ဘုရားသခင်၏သက်သေခံချက်ဖြစ်ပြီး၊ အသင်းတော်သည် ယေရှု၏သက်သေခံချက်၊ သုံးပါးတစ်ပါးဘုရား၏ စုပေါင်းထင်ရှားခြင်းအဖြစ် ကြီးမားကျယ်ပြန့်သော ခရစ်တော် ဖြစ်သည် - ယော၊၁း၁၈။ ၅း၃၁-၃၇။ ၈း၁၄။ ဗျာ၊၁း၂၊ ၅၊ ၉။ ၁၉း၁၀။ ညွှန်း၊ က၊၁း၂၆။

**II. ယေရှု၏သက်သေခံချက်သည် ရွှေမီးခုံတိုင်ခုနစ်ခု ဖြစ်သည် - သဘောသဘာဝ၌ ရွှေရောင် (ဘုရားဆိုင်ရာ) ဖြစ်၍၊ မှောင်မိုက်တွင် ထွန်းလင်းပြီး၊ တစ်ခုနှင့်တစ်ခု ချွတ်စွပ်တူညီကြသည် - ဗျာ၊၁း၁-၂၊ ၉-၁၂။**

A. ရွှေမီးခုံတိုင်သည် သုံးပါးတစ်ပါးဘုရားကို ပုံဆောင်သည်၊ အနှစ်သာရတည်းဟူသော ခမည်းတော်သည် သားတော်၌ ကိုယ်ထင်ရှားတော်မူခြင်း၊ ကိုယ်ထင်ရှားခြင်းတည်းဟူသော သားတော်သည် ဝိညာဉ်တော်မှတစ်ဆင့် ထင်ရှားတော်မူခြင်း၊ ဝိညာဉ်တော်သည် အသင်းတော်များအဖြစ် ပြည့်ဝစွာ သိနားလည်ရခြင်းနှင့် ထင်ရှားခြင်းဖြစ်၍၊ အသင်းတော်များသည် ယေရှု၏သက်သေခံချက် ဖြစ်ကြသည် - ထွ၊၂၅း၃၁-၄၀။ ဇာ၄း၂-၁၀။ ဗျာ၊၁း၁၀-၁၂။

B. ယေရှု၏သက်သေခံချက်တည်းဟူသော ရွှေမီးခုံတိုင်များ၊ ယေရှု၏ စုပေါင်းထင်ရှားခြင်းကို တွေ့ကြုံခံစားရန် (တ၊၉း၄-၅။ ၁ကော၊၁၂း၁၂) ယေရှု၌ ဆင်းရဲခြင်းဒုက္ခကိုလည်းကောင်း၊ နိုင်ငံတော်ကိုလည်းကောင်း၊ သည်းခံတော်မူခြင်းကိုလည်းကောင်း အတူဆက်ဆံသော အဖော်အဖက်များနှင့် ညီအစ်ကိုများအဖြစ် ယေရှု၏ဒဏ်ချက်ရာကို ဆောင်ရန် (ဂလ၊၆း၁၇) သခင်ယေရှု၏ နာမတော်ကို အဆက်မပြတ် ခေါ်ခြင်းအားဖြင့် (၁ကော၊၁၂း၁၃။ ရော၊၁၀း၁၀-၁၃။ မြည်၊၃း၅၅-၅၆) ယေရှု၏ဝိညာဉ်တော်ဖြင့် ဖြည့်ခြင်းခံကြရမည် (တ၊၁၆း၇)။

C. ခုံတိုင် ဖြစ်ပေါ်စေရန် ရွှေကို ထုလုပ်ခြင်းသည် ခရစ်တော်၏ဆင်းရဲဒုက္ခခံခြင်းများ၌ ယုံကြည်သူများ ပါဝင်ခံစားခြင်းကို ပုံဆောင်သည်၊ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင် ဖြစ်ပျက်သောအရာမှန်သမျှသည် ထုလုပ်ထားသော မီးခုံတိုင်ကို ထုတ်လုပ်ရန်အတွက် ဖြစ်သည် - ထွ၊၂၅း၃၁။ ကော၊၁း၂၄။

1. အကယ်၍ ကျွန်ုပ်တို့၏အသိဉာဏ်အား ဘုရားသခင်ကို သိကျွမ်းခြင်းအပေါ် ထားရှိကာ၊ ဝိညာဉ်တော်၏အတွင်းပိုင်း အလုပ် လုပ်ခြင်းနှင့် အပြင်ပိုင်းပတ်ဝန်းကျင်တို့ကို ဝန်ခံပါက၊ အခြေအနေတိုင်းသည် ကိုယ်တော်ကို သိကျွမ်းရန် ကျွန်ုပ်တို့အတွက် အခွင့်အရေး ဖြစ်လာပေမည် - ဟော၊၆း၁-၃။ ဖိ၊၃း၁၀က။ ဧ၊၆း၂၀။ ညွှန်း၊ က၊ ၄း၄၂။

2. အကယ်၍ လူတစ်ဦးသည် သူ၏တစ်သက်တာတွင် ဘုရားသခင်ကို မသိကျွမ်းပါက၊ သူ၏အသက်တာတစ်ခုလုံးကို ဖြုန်းတီး ပစ်လိုက်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်များတွင် ကိုယ်တော်၏ဆက်ဆံဖြေရှင်းမှုများကို လက်ခံရန် အလိုဆန္ဒ ရှိစေခြင်းငှာ သခင်ဘုရားသည် ကျွန်ုပ်တို့အား လုပ်ဆောင်ပါစေသော၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ပို၍သိကျွမ်း နိုင်မည်ဖြစ်သည် - ၂ကော၊၄း၁၆-၁၈၊ ၁၂း၇-၉။ ညွှန်း၊ ဟေရှာ၊၇း၁၄-၁၅။ ၂ကော၊၅း၁၄-၁၅။

3. ဤအကြောင်းအရာ၏အဓိကအချက်မှာ လူတစ်ဦးသည် အခက်အခဲများနှင့် စမ်းသပ်စစ်ဆေးမှုများ၏အလယ်တွင် ကြီးစွာသောအလင်းတည်းဟူသော သခင်ဘုရားကို တွေ့ကြုံရခြင်း ရှိမရှိ ဖြစ်သည်၊ ဆင်းရဲဒုက္ခခံခြင်းအားဖြင့်သာ ကျွန်ုပ်တို့ နားမလည်နိုင်သည့်အရာကို ဆင်းရဲဒုက္ခခံခြင်းကြောင့် နားလည်စေနိုင်ပါသည် - ၁း၈-၉။ ညွှန်း၊ ဧ၊၁း၁၇။ လု၊၁း၇၈-၇၉။

D. ရွှေမီးခုံတိုင်များ၏ထွန်းလင်းခြင်းမှာ လူတို့သည် ရွှေမီးခုံတိုင်များအလယ်တွင် သွားလာတော်မူသော လူသားတော်တည်းဟူသော ဘုန်းတော်နှင့်ပြည့်ဝသော ခရစ်တော်၏ရူပါရုံကို မြင်တွေ့နိုင်စေခြင်းငှာ ဖြစ်သည်၊ အသင်းတော်များ၏အလယ်တွင် ရှိသော သခင်ဘုရားကို ကာလအစဉ်အဆက် အသက်ရှင်တော်မူသောအရှင်အဖြစ် သိကျွမ်းခြင်းအားဖြင့်၊ ကျွန်ုပ်တို့၏ဝိညာဉ်၌ ကိုယ်တော်၏မျက်မှောက်တော် ရှိကြောင်းကို အချိန်တိုင်း စိတ်ချမှု ရှိနိုင်ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် အစဉ်အမြဲ ကြားဝင်ပေးရန် အသက်ရှင်တော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏မျက်နှာတော်ရှေ့တွင် ယခု သက်သေခံတော်မူပြီး၊ ကိုယ်တော်သည် မည်သည့်အခါမျှ ကျွန်ုပ်တို့အပေါ် ပျက်ကွက်ခြင်း ရှိလိမ့်မည် မဟုတ်သကဲ့သို့ ကျွန်ုပ်တို့ကို စွန့်ပစ်ခြင်းလည်း ရှိလိမ့်မည် မဟုတ်ပေ - ဗျာ၊၁း၁၂-၁၈၊ ၂း၁။ ၂တိ၊၄း၂၂။ ဟေဗြဲ၊၇း၂၅၊ ၉း၂၄။ စာရင်း၊၆း၂၂-၂၇။ တရား၊၃၁း၆။

E. ရွှေမီးခုံတိုင်ခုနစ်ခုရှိ မီးခွက်ခုနစ်လုံး၏ထွန်းလင်းခြင်း၊ သခင်ယေရှုသည် မီးလျှံကဲ့သို့သော ကိုယ်တော်၏မျက်စိတော်ဖြင့် ၎င်းတို့၏အလယ်တွင် သွားလာတော်မူခြင်း၊ ကိုယ်တော်၏ခြေတော်သည် တောက်ပသော ကြေးညိုကဲ့သို့ ဖြစ်ခြင်းနှင့် ကိုယ်တော်၏ မျက်နှာတော်သည် ထွန်းတောက်သောနေကဲ့သို့ ထွန်းလင်းခြင်းတို့မှာ ကျွန်ုပ်တို့၏နေ့စဉ်အသက်တာတွင် သခင်ဘုရား၏ထွန်းလင်းခြင်းကို တစ်နေ့ပြီးတစ်နေ့ ထပ်တိုး၍ လိုအပ်ကြောင်းနှင့် အသင်းတော်အသက်တာတွင် ကိုယ်တော်၏ ထိန်းကျောင်းခြင်း - ကယ်တင်ပေးခြင်း၊ ပြန်လည်ပြုပြင်ပေးခြင်းနှင့် ဘုရားဖြစ်စေခြင်းတို့ကို ထပ်တိုး၍ လိုအပ်ကြောင်း ညွှန်ပြခြင်းဖြစ်သည် - ဗျာ၊ ၁း၁၄ခ-၁၅က၊ ၁၆ခ၊ ၄း၅၊ ၅း၆။ လု၊၁း၇၈-၇၉။ ၂ကော၊၄း-၆-၇။ မာလ၊၄း၂။ သု၊၄း၁၈။ ဆာ၊၂၂၊ ခေါင်းစဉ်၊ ၈၀း၁-၃၊ ၇၊ ၁၅-၁၉။

F. အလင်းဖွင့်ပြခြင်းသည် ဘုရားသခင်၏ကရုဏာတော်ပေါ်တွင် မူတည်သည်။ ဘုရားသခင်သည် ကြွလာတော်မူ၍ ကိုယ်တော်၏ ကရုဏာတော်ကို ပေးအပ်တော်မူသောအခါတိုင်း၊ ကိုယ်တော့်မျက်နှာတော်၏ အလင်းသည် ကျွန်ုပ်တို့၏အလင်း ဖြစ်၍၊ ကိုယ်တော်၏ပေါ်ထွန်းခြင်းသည် ကျွန်ုပ်တို့၏ရူပါရုံ ဖြစ်ကာ၊ ကိုယ်တော်၏မျက်မှောက်တော်သည် ကျွန်ုပ်တို့၏အမြတ်ရရှိခြင်း ဖြစ်သည် - ရော၊၉း၁၅။ တ၊၉း၃-၄။ ဟေရှာ၊၅း၁၀-၁၁။ စာရင်း၊၆း၂၅-၂၆။

1. အလင်းဖွင့်ပြခြင်းခံရရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် သခင်ဘုရား၏ ထွန်းလင်းခြင်းကို လိုလားဆန္ဒရှိပြီး လက်ခံကာ၊ ကျွန်ုပ်တို့၏အလိုဆန္ဒ အကြွင်းမဲ့ဖြင့် သခင်ဘုရားတစ်ပါးတည်းကိုသာ ရှာဖွေရာတွင် ကျွန်ုပ်တို့၏စိတ်နှလုံးကို တစ်သံတစ်မတ်တည်း ထားရှိရမည် - ဆာ၊၁၃၉း၂၃-၂၄။ ဖိ၊၂း၁၂-၁၆။ ၂ရာ၊၁၂း၁၄၊ ၁၆း၁၂၊ ၃၄း၁-၃။ ဆာ၊၂၇း၈၊ ၇၃း၂၅။ လု၊၁၁း၃၃-၃၆။

2. အလင်းဖွင့်ပြခြင်းခံရရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် သခင်ဘုရားထံ မိမိတို့ကိုယ်ကို ဖွင့်ထားခြင်း၊ ကျွန်ုပ်တို့၏စိတ်နှလုံးကို ကိုယ်တော့်ထံ လှည့်ပြန်ခြင်းနှင့် သံသယ သို့မဟုတ် ထိမ်ချန်ထားခြင်း တစ်စုံတစ်ရာ မရှိဘဲ ကိုယ်တော့်ရှေ့မှောက်တွင် မိမိတို့ကိုယ်ကို နေရာချထားခြင်း ရှိရမည်။ သခင်ဘုရားထံ မိမိတို့ကိုယ်ကို ပိတ်ထားသောသူများသည် အခြားသူများအား တရားစီရင်ခြင်းနှင့် ဝေဖန်ခြင်းတို့တွင် ကျွမ်းကျင်သူများ ဖြစ်ကြသည် - ၂ကော၊၃း၁၆။ သု၊၂၀း၂၇။ မ၊၇း၁-၅။ လု၊၆း၃၆-၃၇၊ ၄၁-၄၂။

3. အလင်းဖွင့်ပြခြင်းခံရရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ရပ်တန့်ရမည်။ ဤသည်မှာ ကျွန်ုပ်တို့၏အမြင်များ၊ အကြောင်းအရာများကို ကျွန်ုပ်တို့ ကြည့်ရှုသည့် နည်းလမ်းများ၊ ကျွန်ုပ်တို့၏ခံစားချက်များ၊ ကျွန်ုပ်တို့၏ အတွေးအခေါ်များနှင့် ကျွန်ုပ်တို့၏ထင်မြင်ယူဆချက်များကို ရပ်တန့်ရမည်ဟု ဆိုလိုခြင်း ဖြစ်သည်။ လုံးလုံးလျားလျား ရပ်တန့်ပြီးသော လူပုဂ္ဂိုလ်တစ်ဦးသည် သခင်ဘုရားရှေ့တော်တွင် လာရောက်သောအခါ၊ သူသည် သခင်ဘုရား၏ နှုတ်ကပတ်တော်ကို လက်ခံရယူရာတွင် အလွန့်အလွန် တစ်သံတစ်မတ်တည်းရှိ၍ ရိုးရှင်းမှု ရှိနိုင်သည် - ၁၀း၃၈-၄၂။ ယော၊၁၁း၂၁-၂၈။ ဟေရှာ၊ ၄၀း၃၁။ မ၊၅း၃။ လု၊၁၈း၁၅-၁၇။ ဟေရှာ၊၆၆း၁-၂။

4. အလင်းဖွင့်ပြခြင်းခံရရန်အလို့ငှာ၊ ကျွန်ုပ်တို့အတွင်း၌ စကားပြောတော်မူသော ဝိညာဉ်တော်၏အလင်းဖြင့် ငြင်းခုံခြင်း မပြုရပေ။ ထို့အပြင် ကျွန်ုပ်တို့သည် အပြင်၌ စကားပြောသော ဝိညာဉ်တော်၏အမှုဆောင်များဖြင့် ငြင်းခုံခြင်း မပြုသင့်ပေ - တ၊ ၂၂း၁၀။ သီချင်း၊၅း၄-၆။ ၂ကော၊၁၀း၃-၅၊ ၁၁း၂-၃။ စာရင်း၊၁၆း၁-၇၊ ၃၁-၃၉၊ ၁၇း၁-၈။ ညွှန်း၊ ထွ၊ ၃၃း၁၁-၁၄။

5. အလင်းဖွင့်ပြခြင်းခံရရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် အလင်း၌ အဆက်မပြတ် အသက်ရှင်ကြရမည် - ဟေရှာ၊၂း၅။ ၁ယော၊ ၁း၇။ ဟေဗြဲ၊၉း၁၄၊ ၁၀း၂၂။ မ၊၅း၃၊ ၈၊ ၁၄။ ဆာ၊၁၁၉း၁၀၅။ ဗျာ၊၁း၂၀။ ဆာ၊၃၆း၈-၉။

**III. ယေရှု၏သက်သေခံချက်သည် ဗိမာန်တော်၌ ဘုရားသခင်ကို အစေခံကြသော များစွာသောလူအပေါင်း၊ ဘုရားသခင်၏ ရွေးနုတ်ခံများ၏ကိုယ်ခန္ဓာတော်တစ်ခုလုံး ဖြစ်ပြီး၊ ထိုသူတို့သည် ဘုရားသခင်၏ဂရုစိုက်တော်မူခြင်းနှင့် ကောင်းကင်ဆိုင်ရာများ၌လည်း**

**ကောင်း၊ ခရစ်တော်၌လည်းကောင်း ယနေ့မွေ့လျော်ဝမ်းမြောက်နိုင်သော ဝိညာဉ်ရေးရာ ကောင်းချီးမင်္ဂလာများအားလုံးနှင့်အတူ သိုးသငယ်၏ထိန်းကျောင်းခြင်းတို့ကို မွေ့လျော်ဝမ်းမြောက်ရန် ကောင်းကင်များသို့ချီဆောင်ခြင်းခံရပြီးသောသူများ ဖြစ်ကြသည် - ဗျာ၊၇း၉-၁၇။ ဧ၊၁း၃။ ဂလ၊၃း၁၄။ က၊၁၂း၂။ ညွှန်း၊ ဗျာ၊၂၁း၃-၄၊ ၂၂း၃-၅။ ဟေရှာ၊၄၉း၁၀။**

A. များစွာသောလူအပေါင်းတွင် အသင်းတော်၏စေ့စပ်ထုံးဖွဲ့ထားသော အစိတ်အပိုင်းများ ဖြစ်စေခြင်းငှာ နိုင်ငံသား၊ လူမျိုးနွယ်၊ လူမျိုးနှင့် ဘာသာစကားအားလုံးမှ သိုးသငယ်၏အသွေးတော်ဖြင့် ဝယ်ယူခြင်း ခံရပြီးသောသူများ ပါဝင်သည် - ဗျာ၊၇း၉က၊ ၅း၉။ ရော၊၁၁း၂၅။ တ၊၁၅း၁၄၊ ၁၉။ ၁ကော၊၆း၁၉-၂၀။

B. "ဤသူတို့သည် ကြီးစွာသော ဆင်းရဲဒုက္ခအထဲက ထွက်မြောက်၍၊ မိမိဝတ်လုံကို သိုးသငယ်၏အသွေး လျှော်၍၊ ဖြူစေသောသူ ဖြစ်ကြသတည်း" - ဗျာ၊၇း၁၄။

1. ဤနေရာရှိ ကြီးစွာသော ဆင်းရဲဒုက္ခဆိုသည်မှာ ခေတ်ကာလများတစ်လျှောက်တွင် ဘုရားသခင်၏ရွေးနုတ်ခံလူများ တွေ့ကြုံခံစားရသည့် ဆင်းရဲဒုက္ခများ၊ ဆင်းရဲခြင်းများ၊ ညှဉ်းပန်းနှိပ်စက်မှုများနှင့် ဘေးဒုက္ခများကို ရည်ညွှန်းခြင်းဖြစ်သည် - ယော၊၁၆း၃၃။
2. သိုးသငယ်၏အသွေးတော်သည် ဘုရားသခင်ရှေ့တွင် ကျွန်ုပ်တို့အား ဆန့်ကျင်သော မာရ်နတ်၏ စွပ်စွဲချက်အားလုံးကို တုံ့ပြန်ပေးပြီး ကျွန်ုပ်တို့အား သူ့အပေါ် အောင်မြင်မှုကို ပေးသည် (ဗျာ၊၁၂း၁၁)၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏အပြစ်နှင့် မစင်ကြယ်ခြင်းရှိသမျှအတွက် ပွင့်လျက်ရှိသော အသွေးတော် စမ်းရေတွင်း တည်းဟူသော ရွေးနုတ်ပေးသော ခရစ်တော်ကြောင့် (ဇာ၊၁၃း၁။ ယော၊၁၉း၃၄)၊ ကျွန်ုပ်တို့သည် ထိုအသွေးတော်အောက်၌ နစ်မြုပ်နိုင်ပြီး၊ ကျွန်ုပ်တို့၏အပြစ်ရှိသော အစွန်းအထင်းများအားလုံး ပျောက်ဆုံးကာ (*ဓမ္မသီချင်း၊* မြန်မာ #၅၆၊ E#၁၀၀၆၊ အပိုဒ် ၁)၊ အသစ်ပြုပြင်ခံ စိတ်နှလုံးနှင့် ဖြူစင်ပိတ်ချောနှင့်အတူ / အတွင်း၌ ခရစ်တော် တင်မြှောက်ခံရကာ / လောကနှင့် အပြစ်အပေါ် /ဘုရား၏ အလင်း၌ လျှောက်လှမ်းရန် နိုးထနိုင်မည်" (*ဓမ္မသီချင်း၊* E #၁၀၁၀၊ အပိုဒ် ၃)။
3. ကျွန်ုပ်တို့၏ဝတ်ရုံကို ဆေးကြောရန် ဆိုသည်မှာ သိုးသငယ် အသွေးတော်၏ဆေးကြောပေးခြင်းမှတစ်ဆင့် ကျွန်ုပ်တို့၏ အပြုအမူကို သန့်ရှင်းစေရန် စောင့်ထိန်းပေးခြင်း ဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့အား အသက်ပင်ကို မွေ့လျော်ဝမ်းမြောက်ရန်နှင့် ဘုရားသခင်၏ထာဝရကောင်းချီးမင်္ဂလာများ၏ နယ်ပယ်တည်းဟူသော အသက်၏မြို့တော် အထဲသို့ ဝင်ရောက်ရန် အခွင့်အရေးကို ပေးသည် - ၁ယော၊၁း၇။ ဗျာ၊၂၂း၁၄။

C. များစွာသော ထိုလူအပေါင်းတို့သည် ပလ္လင်တော်ရှေ့နှင့် သိုးသငယ်ရှေ့တွင် မိမိတို့၏လက်၌ စွန်ပလွံခက်များကို ကိုင်လျက် ရပ်နေကြသည် - ၇း၉ခ။

1. စွန်ပလွံခက်များသည် ဆင်းရဲခြင်းဒုက္ခအပေါ် ကျွန်ုပ်တို့၏အောင်နိုင်ခြင်းကို ပုံဆောင်သည်၊ ကျွန်ုပ်တို့သည် ထိုဆင်းရဲခြင်းဒုက္ခကို သခင်ဘုရားအဖို့အလို့ငှာ ခံရခြင်းဖြစ်သည်။ စွန်ပလွံပင်များသည် ရေလောင်းခံရခြင်းမှတစ်ဆင့် ရရှိလာသော ကျေနပ်နှစ်သိမ့်မှု လက္ခဏာတစ်ခုလည်း ဖြစ်သည် - အငယ်၊၁၄။ ညွှန်း၊ ယော၊၁၂း၁၃။ ထွ၊၁၅း၂၇။
2. ဘုရားသခင်၏ဗိမာန်တော်တည်းဟူသော သုံးပါးတစ်ပါးဘုရား၌၊ ကျွန်ုပ်တို့သည် ထာဝရတဲတော်ပွဲတည်းဟူသော ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်ရန်နှင့် စွန်ပလွံပင်ကဲ့သို့ အသက်၌ ရှင်သန်တိုးပွားရန် ကိုယ်တော့်အား နေ့ညမပြတ် အစေခံကြမည်ဖြစ်သည် - ဗျာ၊၇း၁၅က၊ ၃း၁၂။ ဝတ်၊၂၃း၂၀။ နေ၊၈း၁၅။ ဆာ၊၉၂း၁၂-၁၃။ ယော၊၇း၂၊ ၃၇-၃၉။ ရော၊၁း၉။ ကော၊၂း၁၉။
3. ယနေ့ အချိန်ကာလ၌ ကျွန်ုပ်တို့၏အစေခံခြင်းသည် ထာဝရကာလ၌ ကျွန်ုပ်တို့၏အစေခံခြင်းအတွက် အသင့်ပြင်ဆင်ခြင်း ဖြစ်သည်။ အချိန်ကာလ၌ ဘုရားသခင်၏တစ်ခုတည်းသော ပန်းတိုင်မှာ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ တစ်နေ့ပြီးတစ်နေ့ ဝေငှဖြန့်ဖြူးရန် ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာပြီး ကျွန်ုပ်တို့အထဲမှ ထွက်လာသောအခါ၊ ယင်းသည် အစေခံခြင်း ဖြစ်သည် - မ၊၂၅း၁၉-၂၃။ ယော၊၇း၃၇-၃၉။

D. ကျွန်ုပ်တို့သည် နောက်တစ်ဖန် ဆာလောင်ခြင်း သို့မဟုတ် ရေငတ်ခြင်း ရှိတော့မည် မဟုတ်ပေ - ဗျာ၊၇း၁၆က။

1. ဆာလောင်ခြင်းနှင့် ရေငတ်ခြင်းဆိုသည်မှာ ကျေနပ်နှစ်သိမ့်မှု မရရှိသေးသော မျှော်လင့်ချက်တစ်ခု ရှိခြင်း ဖြစ်သည်။ ကိုယ်တော့်အထံသို့ ယုံကြည်သောသူတိုင်းသည် ကျေနပ်နှစ်သိမ့်မှု ရရှိပြီး ကိုယ်တော့်ကို ကျေနပ်နှစ်သိမ့်စေသော အသက်အဖြစ် လက်ခံရရှိကြလိမ့်မည်ဟု ခရစ်တော်က ကတိတော်ပေးထားသည် - ယော၊၆း၃၅။
2. ကျွန်ုပ်တို့၏ဝိညာဉ်၌ ရှိသော ဝိညာဉ်တော်ဘုရားကို ဆက်သွယ်ခြင်းမှာ အသက်ရေကို သောက်သုံးခြင်း ဖြစ်ပြီး၊ အသက်ရေကို သောက်သုံးခြင်းမှာ ဘုရားသခင်ထံ စစ်မှန်သော ကိုးကွယ်မှုကို ပေးဆက်ခြင်း ဖြစ်သည် - ၄း၁၃-၁၄၊ ၂၃-၂၄။

E. ပူပြင်းသော နေရောင်ခြည်နှင့် အပူရှိန်သည် ကျွန်ုပ်တို့အား ထိခိုက်စေလိမ့်မည် မဟုတ်ပေ - ဗျာ၊၇း၁၆ခ။
1. ပလ္လင်တော်ပေါ်တွင် ထိုင်လျက်နေတော်မူသော သိုးသငယ်-ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ် တဲတော်အဖြစ် ကိန်းဝပ်တော်မူပြီး မိမိကိုယ်တော်တိုင်ဖြင့် ကျွန်ုပ်တို့အား ဖုံးအုပ်လွှမ်းမိုးတော်မူမည် - အငယ်၊၁၅ခ။ ၂ကော၊၁၂း၉။
2. ဘုရားသခင်၏ ဖုံးအုပ်လွှမ်းမိုးခြင်းအောက်တွင် ရှိသော အသက်အမျိုးအစားတစ်ခု ရှိသည် - ယင်းမှာ ဘုရားသခင်၌ ဝှက်ထားသော အသက် ဖြစ်သည် - ဆာ၊၃၆း၇-၉။ ၉၁း၁၇။ ဆာ၊၉၁း၁၊ ၁၇း၈၊ ၅၇း၁။ ရှ၊၂း၁၂။
3. ခရစ်တော်သည် ယေဟောဝါအဖြစ်လည်းကောင်း၊ လူသားအဖြစ်လည်းကောင်း ဘုရားသခင်၏လူများကို မစထောက်ပံ့ပေးသော၊ ဂရုစိုက်ပြီး ဖုံးအုပ်ပေးသော ရှင်ဘုရင် ဖြစ်တော်မူသည်။ ကိုယ်တော်သည် အုပ်စိုးခြင်းအတွက် ရှင်ဘုရင်ဖြစ်တော်မူပြီး လေဒဏ်မှ ခိုလှုံရာနှင့် မိုးသက်မုန်တိုင်းမှ အကွယ်အကာ၊ သွေ့ခြောက်သောအရပ်၌ စီးသော စမ်းချောင်းများကဲ့သို့လည်းကောင်း၊ လူသူမနေသောပြည်၌ ကြီးမားသောကျောက်၏ အရိပ်ကဲ့သို့လည်းကောင်း ဖြစ်သော လူသားတစ်ဦး ဖြစ်တော်မူသည် - ဟေရှာ၊၃၂း၁-၂။

F. ပလ္လင်တော်၏အလယ်တွင် ရှိသော သိုးသငယ်သည် ကျွန်ုပ်တို့အား ထိန်းကျောင်း၍ အသက်စမ်းရေတွင်းများသို့ လမ်းပြပေးတော်မူမည် - ဗျာ၊၇း၁၇က။
1. ထိန်းကျောင်းခြင်းတွင် ကျွေးမွေးခြင်း ပါဝင်ပြီး၊ ခရစ်တော်၏ထိန်းကျောင်းခြင်းအောက်တွင် "ငါသည် လိုအပ်မှု မရှိရ" - ဆာ၊၂၃း၁။
2. ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို တိုးတက်ကောင်းမွန်စေခြင်းငှာ မည်သည့်အခါမျှ လုပ်ဆောင်နိုင်မည် မဟုတ်ဘဲ၊ ကျွန်ုပ်တို့အား ကျွေးမွေးရန် သိုးထိန်းတစ်ဦးကို အချိန်တိုင်း လိုအပ်ပါသည်။ ကိုယ်တော်သည် ဘုရားသခင်၏ သိုးသငယ် တည်းဟူသော မိမိ၏အတွေ့အကြုံဖြင့် သိုးငယ်တို့အား ကျွေးမွေးတော်မူသည်။ ထိုသိုးသငယ်သည် ဘုရားသခင်၏ အိမ်တော်၌လည်းကောင်း၊ အိမ်တော်အတွက်လည်းကောင်း ပလ္လင်တော်ပေါ်တွင် ရှိတော်မူသည် - အငယ်၊၂-၆။ ဗျာ၊၂၂း၁။

G. ကိုယ်တော်သည် ကျွန်ုပ်တို့၏မျက်စိမှ မျက်ရည်ရှိသမျှကို သုတ်တော်မူမည် - ၇း၁၇ခ။
1. မျက်ရည်များသည် ဤခေတ်ကာလတွင် ရှောင်လွှဲ၍ မရနိုင်ပါ၊ သို့သော် ကျွန်ုပ်တို့၏မျက်ရည်များသည် ဘုရားသခင်၏ဘူးတော်ထဲသို့ ထည့်သွင်းခံရပြီး ကိုယ်တော်၏စာရင်းတော်၌ မှတ်သားခြင်းကို ခံရသည် - ဟေဗြဲ၊၅း၇။ တ၊၂၀း၁၉၊ ၃၁။ ဆာ၊၅၆း၈။ ညွှန်း၊ မာလ၊၃း၁၆။
2. သိုးသငယ်သည် ကျွန်ုပ်တို့၏ကျေနပ်နှစ်သိမ့်မှုအတွက် အသက်ရေများဖြင့် ကျွန်ုပ်တို့အား မစထောက်ပံ့ပေးတော်မူသောကြောင့်၊ မျက်ရည်များသည် သုတ်ပေးခြင်းကို ခံရခြင်း ဖြစ်သည် - ယေ၊၉း၁၊ ၂း၁၃။ ညွှန်း၊ ၁၅း၁၆။ မြည်၊၃း၂၁-၂၃၊ ၅၅-၅၆။
3. ဝမ်းနည်းပူဆွေးခြင်းနေ့ရက်များသည် ကြာရှည်လိမ့်မည် မဟုတ်သောကြောင့် ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။ လောကသည် တဖြည်းဖြည်း ကုန်လွန်လျက်ရှိပြီး၊ ကျွန်ုပ်တို့သည် ထာဝရအသက်၏စုစုပေါင်း၊ ယေရုရှလင်မြို့သစ် ဖြစ်လာသည့်တိုင်အောင် စီးဆင်းတော်မူသော သုံးပါးတစ်ပါးဘုရားကို သောက်သုံးရသည့် ကောင်းချီးမင်္ဂလာကို ခံကြရသည် - ယော၊၄း၁၄ခ။

© 2025 Living Stream Ministry